CENTRAL COMMITTEE

**KACHIN INDEPENDENCE ORGANIZATION**

# ပြည်ထောင်စုနေ့ သဘောထားထုတ်ပြန်ချက်

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းတွင် မေ့ပျောက်၍မရနိုင်သော သမိုင်းမော်ကွန်းတင်ရမည့် နေ့တစ်နေ့ ဖြစ်ပါသည်။

တောင်းတန်းဒေသနှင့် မြေပြန့်ဒေသ ပူးပေါင်းရေးကိုအခြေခံကာ ချုပ်ဆိုခဲ့ကြသော ပင်လုံစာချုပ်မှ အစပြုခဲ့သည့် ပြည်ထောင်စုနေ့သည် (၆၈) ကြိမ်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

တိုင်းရင်းသားများအချင်းချင်း အပြန်အလှန် ယုံကြည်လေးစားကာ ထာဝစဉ်လက်တွဲ၍ ပြည်ထောင်စုအတွင်း ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲ နေထိုင်ရေးဆိုသည့် ပင်လုံစိတ်ဓါတ်ကို အခြေခံလျက် နိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့တို့ ကြိုးစားဆောင်ရွက်နေသော ငြိမ်းချမ်းရေးဆွေးနွေးမှုများ အောင်မြင်စွာလျှောက်လှမ်းနိုင်မည်ဟု အလေးအနက် ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ KIO ဗဟိုကော်မတီ အနေဖြင့် နှစ်ပေါင်းများစွာကြုံတွေ့ခဲ့ကြသော နိုင်ငံရေးပဋိပက္ခများ အဆုံးသတ်ကာ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် NCCT က တွေ့ဆုံညှိနှိုင်းလျက်ရှိသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဗဟိုကော်မတီ

K I O

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်